Japan International Cooperation Agency

**Press Release**

JICA Myanmar Office
Tel: (95-1)255473～6 (Ext.267)
my_oso_rep@jica.go.jp

# JICA နှင့် မြန်မာ့ဆိပ်ကမ်းပိုင်တို့ပူးပေါင်း၍ ရန်ကုန်မြစ်အတွင်း ရေကြောင်းသွားလာမှုအဆင်ပြေတိုးတက်စေရန် ရေကြောင်းအချက်ပြစနစ်များအား အဆင့်မြှင့်တင်သွားမည်

၂၀၂၀ခုနှစ် ဇူလိုင်လ ၂ ရက်

JICA နှင့် ပို့ဆောင်ဆက်သွယ်ရေး ဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းအာဏာပိုင် တို့ပူးပေါင်း၍ ရန်ကုန်မြစ်အတွင်း ရေကြောင်းသွားလာမှုအဆင်ပြေချောမွေ့စေရန် ရေကြောင်းအချက်ပြဆိုင်ရာ အဆင့်မြှင့်တင်ခြင်းအတွက် သဘောတူညီခဲ့ကြပါသည်။


အဆိုပါစီမံကိန်းတွင် မီးပြတိုက်များအဆင့်မြှင့်တင်ခြင်း၊ ရေကြောင်းပြ ဖော်ယာများ အဆင့်မြှင့်တင်ခြင်း အပြင် မိုးလေဝသသမုဒ္ဒရာဆိုင်ရာလေ့လာရေးအတွက် လိုအပ်သည့် ပစ္စည်းကိရိယာများတပ်ဆင်ခြင်းများ ပါဝင်ပြီး သက်ဆိုင်ရာ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အရာရှိများ၊ ဝန်ထမ်းများအတွက်လည်း ရေကြောင်းနည်းပညာဆိုင်ရာ သင်တန်းများ၊ ရေကြောင်းအချက်ပြဆိုင်ရာ လက်စွဲစာအုပ်များ နှင့် စစ်ဆေးပြုပြင်ခြင်းဆိုင်ရာ လက်စွဲစာအုပ်များတိုးတက်လာစေရေး သာမက ရေကြောင်းဆိုင်ရာပုံစံမှတ်တမ်းနှင့် မိုးလေဝသဆိုင်ရာ လေ့လာခြင်းများအတွက် သင်တန်းများလည်း ကူညီပံ့ပိုးသွားမည်ဖြစ်ပါသည်။

ရန်ကုန်မြစ်အတွင်းရေကြောင်းသွားလာမှုလမ်းညွှန်အထောက်အကူပြုပစ္စည်းများအဆင့်မြှင့်တင်ပေးမည့် ထိုစီမံကိန်းအား ဂျပန်အစိုးရ၏ အကူအညီ ၁.၃၉၉ ဘီလီယံ ယန်းအသုံးပြုကာ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပြီး စီမံကိန်းကာလမှာ နှစ်နှစ်ကြာမြင့်မည်ဖြစ်ပါသည်။



ရေကြောင်းသွားလာမှုအဆင်ပြေတိုးတက်စေရန်အတွက် အဆင့်မြှင့်တင်ရန်လိုအပ်နေသည့်ရေကြောင်းအချက်ပြစနစ်များ။

မြန်မာနိုင်ငံ၏ သွင်းကုန် ၉၀ ရာခိုင်နှုန်းကျော်အား စီမံခွန့်ခွဲလျက်ရှိသည့် ရန်ကုန်ဆိပ်ကမ်းသည် ရေကြောင်းကုန်စည်စီးဆင်းမှု ပိုမိုဖွံ့ဖြိုးလာပြီး သွင်းကုန်ထုတ်ကုန်များတိုးတက်များပြားလာသည်နှင့်အမျှ ရေကြောင်းအချက်ပြစနစ်များ အဆင့်မြှင့်တင်မှုမှာလည်း အရေးတကြီးလိုအပ်လာပြီဖြစ်ပါသည်။




**ပြန်လည်အဆင့်မြှင့်တင်ဆောက်သွားမည့် ရေကြောင်းအချက်ပြကိရိယာများ**

မီးပြတိုက်များနှင့် ရေကြောင်းပြ ဖော်ယာများ အဆင့်မြှင့်တင်ခြင်းအပြင် မိုးလေဝသသမုဒ္ဒရာဆိုင်ရာလေ့လာရေးအတွက် လိုအပ်သည့် ပစ္စည်းကိရိယာများတပ်ဆင်ခြင်းများပါဝင်သည့် ရေကြောင်းအချက်ပြစနစ်များအဆင့်မြှင့်တင်ခြင်းစီမံကိန်းမှတဆင့် ကုန်စည်စီးဆင်းမှုများပိုမိုမြန်ဆန်လာမည်ဖြစ်ပြီး မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးအတွက် တဖက်တလမ်းမှ ပံ့ပိုးကူညီပေးသွားနိုင်မည်ဖြစ်ပါသည်။